# "ဘုရားသခင်ထံ သစ္စာကတိပြုခြင်း"

# A Vow Unto the Lord

ကောင်းကင်ဘုံ၌ ရှိတော်မူသောကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော၊ ကိုယ်တော်၏ အုပ်စိုးခြင်းသည် အကျွန်ုပ်နှလုံးသားထဲ၌ ပို၍ပို၍ တည်ရှိစေတော်မူပါ။ သေတတ်သော အကျွန်ုပ်၏ ကိုယ်ခန္ဓာ၌ အလိုတော်ပြည့်စုံစေတော်မူပါ။ အကျွန်ုပ်၏ သခင်ယေရှုခရစ်တော်အားဖြင့် လိုအပ်သော အချိန်တိုင်း၌ ကိုယ်တော်ကတိထားတော်မူသော မစခြင်း ကျေးဇူးတော်၏ အကူအညီပေါ်၌ ခိုလှုံကိုးစားလျှက် ဤသစ္စာကတိကို ပြုပါ၏။

ကောင်းကင်ဘုံ၏ ကျေးဇူးတော်ပလ္လင်တော်ခြေရင်း၌ ရိတ်သိမ်းခြင်းအလုပ်အပေါ်တွင် အများနှင့်ဆိုင်သော စိတ်ပါဝင်စားခြင်းကိုလည်းကောင်း ထိုအလုပ်၌ ပါဝင်ရန် အကျွန်ုပ်ကိုယ်တိုင်အခွင့်အလမ်းရှိသော ဝေစုကိုသော်လည်း၊ နေရာတိုင်း၌ အတူတကွ လုပ်ဆောင်လျှက်ရှိကြသည့် ချစ်လှစွာသော လုပ်ဖော်ကိုင်ဖက်များကိုလည်းကောင်း အကျွန်ုပ်သည် နေ့စဉ် အောက်မေ့သတိရမည်ဖြစ်ပါသည်။

အကျွန်ုပ်သည် အထူးဂရုစိုက်စွာဖြင့် သာ၍ သစ္စာကတိပြုရန် ယခုထိတိုင် ကျန်ရှိနေပါသည်။ ဖြစ်နိုင်လျှင် အကျွန်ုပ်သည် ကိုယ်တော်နှင့် ကိုယ်တော်၏ သိုးတော်စုအား ပိုမိုကောင်းစွာ အစေခံနိုင်သော စိတ်သဘောကို စိုက်ပျိုးလျှက် အကျွန်ုပ်၏ အတွေးများ၊ စကားလုံးများနှင့် လုပ်ဆောင်မှုများကို အကျွန်ုပ်တတ်နိုင်သည့်အတိုင်း သေချာစွာ စစ်ဆေးကြည့်ရှုပါမည်ဟု အထူးဂရုစိုက်စွာဖြင့် သစ္စာပြုပါသည်။

လူသေကို မေးမြန်းခြင်း (သို့) နတ်ဆိုးနှင့် ပေါင်းဖော်ခြင်းအပြင် သဘာဝလွန်မှော်ပညာကျင့်သုံးမှုများနှင့် ဆင်တူသော အရာခပ်သိမ်းတို့ကို တော်လှန်ရန် အကျွန်ုပ်သည် နိုးနိုးကြားကြားရှိလျှက် သခင်နှစ်ဦးရှိ သည်ကို အစဉ်နှလုံးသွင်းကာ စာတန်၏ တည်ရှိခြင်းကဲ့သို့ ဤ ကျော့ကွင်းများကို ကျိုးကြောင်းစီ လျော်သောနည်းလမ်းများ၌ အကျွန်ုပ်ရှောင်ပါမည်။

အခြားလူများမရှိသော သီးသန့်နေရာများ၌ ဆန့်ကျင်ဘက် အမျိုးသား၊ အမျိုးသမီးတို့နှင့် ဆုံတွေ့သောအခါ လူများ၏ ရှေ့မှောက် (ဘုရားသခင်၏ လူတို့အစည်းအဝေးရှေ့မှောက်) တွင် တွေ့ဆုံဆက်ဆံသကဲ့သို့ နေရာတိုင်း အချိန်တိုင်း၌ အကျွန်ုပ်ကိုယ်တိုင်ပြုမူ ဆောင်ရွက်ပါမည်ဟု အောက်တွင်ဖော်ပြထားသော ခြွင်းချက်များနှင့်အညီ ကတိပြုပါသည်။

ဥပမာအားဖြင့် အခန်းတံခါးကို ကျယ်ဝန်းစွာဖွင့်ထားခြင်းမရှိဘဲ ဆန့်ကျင်ဘက်အမျိုးသား/သမီး တစ်ဦးဦးနှင့် နှစ်ကိုယ်တည်းရှိနေသည့် မည်သည့်အမှုကိစ္စမျိုးကိုမဆို ရှောင်ကြဉ်ပါမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

ခြွင်းချက်အနေဖြင့် ညီအစ်ကိုများသည် သူတို့၏ ဇနီး၊သမီး၊မိခင်နှင့် မောင်နှမတော်စပ်သူများနှင့် အတူ အမှုကိစ္စလုပ်ကိုင်သကဲ့သို့ ညီအစ်မများသည်လည်း သူတို့၏ ခင်ပွန်း၊သား၊ ဖခင်များနှင့် အတူ အမှုကိစ္စများ လုပ်ဆောင်နိုင်ကြပါသည်။

# “သင်၏ မျက်လုံးများကို ပိတ်ထားပါ”

# Close Your Eyes

အပြစ်တရားကြောင့် ဖြစ်တည်လာသည့် ကြီးစွာသောလူ့ကွဲ့ဆင်းရဲ၏ မြင်ကွင်းများ၊ ဝမ်းနည်းပူဆွေးမှုများ၊ သိမ်ဖျင်းမှုများနှင့် သင်၏ ဉာဏ်မျက်စိဆိုင်ရာ ရှုပါရုံများတို့ ရှေ့မှ စုံလင်သော မြေကြီး၏ ဘုန်းအသရေဆိုင်ရာ ပုံရိပ်တို့အတွက် ခေတ္တခဏ သင့်၏မျက်လုံးများ ပိတ်ထားပါ။

စုံလင်သော လူ့အသိုင်းအဝိုင်းတစ်ခု၏ ညီညွတ်ခြင်းနှင့် ငြိမ်သက်ခြင်းကို ဖျက်ဆီးသည့် အပြစ်၏ အစွန်းအထင်းတစ်ခုမျှ မရှိပါ။ နှလုံးသားတိုင်းမှ ချစ်ခြင်းမေတ္တာသည် ပြည့်လျှံလျှက် စီးဆင်းပါသည်။ အခြားနှလုံးသားတိုင်း၌လည်း တူညီသော တုန့်ပြန်မှုတစ်ခုကို တွေ့ရပါသည်။ ကျေးဇူးပြုချင်သောစေတနာစိတ်သည် အပြုအမူတိုင်း၌ အမှတ်လက္ခဏာတစ်ခု ဖြစ်ပါသည်။

နေထိုင်မကောင်းခြင်း၊ ဖျားနာခြင်းများရှိတော့မည်မဟုတ်ပါ၊ ကိုက်ခဲခြင်းဖြစ်စေ၊ နာကျင်ခြင်းဖြစ်စေ မရှိတော့ပါ။

သင်မြင်ခဲ့ဖူးသည့် သိသာထင်ရှားသော လူ၏သဏ္ဍာန်နှင့် သွင်ပြင်လက္ခဏာတို့၏ ကျန်းမာခြင်းနှင့် လှပခြင်းပုံရိပ်တို့ထက် ပို၍ သာလွန်ခြင်းရှိလိမ့်မည်ဖြစ်သော စုံလင်သည့်လူတို့၏ ကျန်းမာခြင်း လှပခြင်းတို့ကို ကြည်နူးစွာ အောက်မေ့သိရှိပါ။

အတွင်းနှလုံးသား၌ စင်ကြယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ၊ သိက္ခာပိုင်းဆိုင်ရာ စုံလင်ခြင်းတို့ကို အလွန်ဝမ်းမြောက်ပျော်ရွှင်လျှက်ရှိသော မျက်နှာများပေါ်တွင် ပေါ်လွင်စေလျှက် ဘုန်းထင်ရှားစေမည်ဖြစ်ပါသည်။

ရှင်ပြန်ထမြောက်ခြင်းအလုပ်ပြီးဆုံးသည်ကို သိမြင်နားလည်လာကြသောအခါ ဝမ်းနည်းစွာ ငိုကြွေးနေကြသည့် ဆွေမျိုးရင်းချာများ ဆုံးရှုံးသွားသော သူတို့၏ မျက်ရည်ရှိသမျှတို့အား သုတ်ပေးတော်မူမည့် နှစ်သိမ့်မှုကို ရရှိကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့ မြေကြီးနှင့်ဆိုင်သော အသိုင်းအဝိုင်းသည် ခံစားရရှိကြပါလိမ့်မည်။

ဗျာ - ၂၁ း ၄

# "ဆာလံ ၂၃"

# Psalm 23

၁. ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။

၂. စိမ်းလမ်းသောကျက်စားရာ အရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။

၃. ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဘို့အလိုငှါ၊ တရားလမ်းထဲ၌ သွေးဆောင်တော်မူခြင်း။

၄. အကယ်၍ သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ ရှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား ၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။

၅. အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။
အကျွန်ုပ် ခေါင်းကိုဆီနှင့် လိမ်းတော်မူ၏ ။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။

၆. အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူး နှင့် ကရုဏာကို တသက်လုံးခံစား၍ ၊ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။

# "ကျွန်ုပ်၏ နံနက်ခင်းဆုံးဖြတ်ချက်"
# My Morning Resolve

ကျွန်ုပ်လိုချင်သော ကျွန်ုပ်၏ အစောဆုံးအတွေးသည် "ငါ၌ထာဝရဘုရားပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း။ ကယ်တင်ခြင်းခွက်ဖလားကို ကိုင်ယူ၍ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြုမည်။ (တော်လျှော်သောမစခြင်း ဂရုဏာတော်အတွက်) ဘုရားအား သစ္စာဂတိထားသည့်အတိုင်း ထာဝရဘုရား၏ လူများရှေ့၌ သစ္စာဝတ်ကိုဖြေမည်" ဟူ၍ ဖြစ်လိမ့်မည် ဖြစ်ပါသည်။ (ဆာ ၁၁၆း၁၂ -၁၄)

"ယဇ်ပူဇော်ခြင်းအားဖြင့် ငါနှင့် ပဋိညာဉ်ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့ စုဝေးစေကြဟု မိန့်တော်မူ၏" (ဆာ ၅၀း၅) ဟူသော ဘုရားသခင်၏ခေါ်သံကို အောက်မေ့သတိရလျှက် ဘုရားသခင်၏ သန့်ရှင်းသူတစ်ဦးအဖြစ် ကျွန်ုပ်၏ ပဋိညာဉ်များကို ိကနေ့ ပြည့်စုံစေကာ ကျွန်ုပ်၏ ရွေးနှုတ်ရှင်နှင့်အတူ အတူတကွ အမွေဆက်ခံခြင်း၌ ကောင်းကင်ဘုံဆိုင်ရာ အမွေကို ကျွန်ုပ်သည် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သော ဇာတိပကတိနှင့် ၎င်း၏စိတ်ပါဝင်စားခြင်းအား ယဇ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သော အလုပ်ကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ပါသည်။

လူအပေါင်းတို့အား ရိုးသားပြီး ရိုးဖြောင့်မှုကို ရှာရန် ကျွန်ုပ်သည် ကြိုးစားရယူမည် ဖြစ်ပါသည်။ ကိုယ့်ကိုကိုယ် ကျေနပ်မှုနှင့် ဂုဏ်သရေကို ရှာဖွေမည်မဟုတ်ဘဲ ဘုရားသခင်၏ စိတ်ကျေနပ်မှု နှင့် ဘုန်းအသရေကို ရှာဖွေမည်ဖြစ်ပါသည်။ ကျွန်ုပ်နှုတ်ခမ်းများနှင့် ဘုရားသခင်အား ချီးမြှောက် ရန် ကျွန်ုပ်သည် ဂရုစိုက်မည်ဖြစ်ပြီး သို့မှသာ ကျွန်ုပ်ပြောသော စကားများသည် လူအပေါင်းတို့အား ဆီကဲ့သို့ ဖြစ်လျှက် ကောင်းကြီးမင်္ဂလာဖြစ် စေနိုင်မည်ဖြစ်ပါသည်။

ဘုရားသခင်၊ သမ္မာတရား ၊ ညီအစ်ကိုများနှင့် ကျွန်ုပ်လုပ်ဆောင်ရမည့် သူများနှင့်အတူ အားလုံးတို့အား ကြီးသောအမှုအရာ၌သာမက ဘဝ၏ သေးငယ်သော အမှုအရာများတို့၌ ကျွန်ုပ်သည် သစ္စာရှိရန် ရှာဖွေမည်ဖြစ်ပါသည်။

ကျွန်ုပ်၏ အမြင့်ဆုံးသော အခြေအနေ သာယာမှုအတွက် ကျွန်ုပ်၏ စိတ်ဝင်စားမှုအားလုံးတို့အား ဘုရားသခင်၏ ဂရုမူခြင်းနှင့် ကြည့်ရှုစောင့်ရှောက်တော်မူသော စီရင်ပြုပြင်ခြင်းကို ကျွန်ုပ်ကိုယ်တိုင်ခိုလှုံကိုးစားလျက် နှလုံးသားထဲ၌ စင်ကြယ်မှုရှိစေရုံသာမက စိုးရိမ်ကြောင့်ကျမှုများအားလုံး၊ မကျေနပ်မှုများအားလုံးနှင့် စိတ်ပျက်ခြင်းများအားလုံးတို့ကို ဖယ်ရှားရန် ရှာဖွေမည်ဖြစ်ပါသည်။

ဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်တော်မူခြင်းမှ ခွင့်ပြုနိုင်သောအရာ၌ ကျွန်ုပ်သည် ညီးထွားမည်မဟုတ်ပါ။ မကျေနပ်ဖြစ်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မည်သည့်အရာမဆို လာပါစေ ယုံကြည်ခြင်းသည် သူ့အား ခိုင်မြဲစွာ ခိုလှုံကိုးစားနိုင်ပါသည်။

# "ရှင်မဿဲခရစ်ဝင်"
# Matthew 5:1-16

၁။ ထိုလူအပေါင်းတို့ကို မြင်လျှင်၊ ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ ထိုင်တော်မူသောအခါ၊ တပည့်တော်တို့သည် ကိုယ်တော်ရင်းသို့ ချဉ်းကပ်ကြ၏။

၂။ ထိုအခါ နှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား ဆုံးမသြဝါဒ ပေးတော်မူသည်မှာ၊

၃။ စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်း နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။

၄။ စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ကြလတံ့၊

၅။ စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။

၆။ ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့။

၇။ သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကိုခံရကြလတံ့။

၈။ စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။

၉။ သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။

၁၀။ ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။အကြောင်းမူကား၊ ကောင်းကင် နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။

၁၁။ ငါ့ကြောင့်သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။

၁၂။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။သင်တို့ရှေ့က ပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲကြပြီ။

၁၃။ သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။

၁၄။ သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။

၁၅။ ဆီမီးထွန်း၍ တောင်ဇလားအောက်၌ ဖုံးထားလေ့မရှိ။အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။

၁၆။ ထိုနည်းတူ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ၊ သူတပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့။

# “ယေဟောဝါသည် ကျွန်ုပ်တို့၏ ဘုရားသခင်”

# Jehovah our God

“ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူ၏။”ဟူ၍ ဆာလံဆရာမှ ပြောဆိုထားပါသည်။ (ဆာ ၁၄၅း၉)

ဤယေဘူယျလွန်သော အဆိုပြုချက်သည် ရုပ်လောကဆိုင်ရာ စကြာဝဠာကြီးနှင့် အနိမ့်ကျဆုံးသော (သေးငယ်ဆုံး)အရာများအတွက်သာမက အလွန်မြင့်မြတ်သောအရာများ အသက်ရှင်သောသတ္တဝါများတို့အား ကြီးမားသော ချည်နှောင်ခြင်း၌ ရေးမှတ်ထားပါသည်။ သက်ရှိသက်မဲ့ ဖန်ဆင်းခြင်းအားလုံးတို့သည် သူ၏စောင့်ရှောက်မှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယေဟောဝါ ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံး၏ ကြီးမြတ်တော်မူသော ဧကရာဇ်ဘုရင်ဖြစ်ပြီး သူ၏ပညာ၊ တန်ခိုးတော်၊ ကောင်းမြတ်ခြင်းနှင့် ကျေးဇူးပြုချင်သော ချစ်ခြင်းမေတ္တာသဘောတို့သည် အလွန်မြင့်မားသော ဂုဏ်အင်္ဂါအရိုက်အရာနှင့်စပ်ဆိုင်သော တာဝန်ဝတ္တရားများအားလုံးအတွက် စွမ်းရည်ခွန်အား ကြွယ်ဝစွာရှိပါသည်။ ဤကဲ့သို့သော ဝတ္တတရားကို သယ်ပိုးရန်နှင့် တာဝန်ယူနိုင်သော သူတည်ရှိခြင်းနှင့် စပ်ဆိုင်သော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများကို နှိုင်းယှဉ်ရန် ကြိုးစားအားထုတ်မှု၌ လူစိတ်နှလုံးသည် အလွန်အမင်းအံ့ဩတုန်လှုပ်စေပါသည်။ ဘယ်သောအခါမှ မကျရှုံးသောမှတ်ဉာဏ်ကိုင်း၊ ဘယ်သောအခါမှ မမှားသောတရားစီရင်ခြင်းကိုင်း၊ ကျရှုံးခြင်းကိုဖြစ်စေနိုင်ခြင်းမရှိဘဲ ထာဝရကာလအတွက် စီစဉ်သောပညာကိုင်း၊ လာမည့်ကာလများအတွက် မှားယွင်းမှုမရှိ တိကျခြင်းနှင့်အတူ စီစဉ်သော ထိုအချိန်ကာလများကိုင်း၊ ဆန့်ကျင်နေသည့် အစိတ်အပိုင်းတိုင်းကိုပင်လျှင် ခွန်အားအဖြစ် အသုံးပြုနိုင်သော တန်ခိုးတော်နှင့် ကျွမ်းကျင်မှုကိုင်း၊ သူ၏အံ့မခန်းဘွယ်သော ဒီဇိုင်းပုံစံများကို ပြီးပြည့်စုံရန်အတွက် သက်ရှိသက်မဲ့အရာခပ်သိမ်းတို့ကို တစ်ညီတစ်ညွတ်တည်းပြုလုပ်စေလျက် ဘယ်သောအခါမှ ဆိတ်သုန်းခြင်းမရှိသည့် မမောပန်းနိုင်သော နိုးကြားမှုကိုင်း၊ စကြာဝဠာလုံးဆိုင်ရာ ထိန်းချုပ်မှုနှင့်စပ်ဆိုင်သော အရေးတကြီးစောင့်ထိန်းကွယ်ကာခြင်းမှ လျော့နည်းစေခြင်းကို ဘယ်သောအခါမှ ရှာဖွေခြင်းမရှိသည်ကိုင်း၊ သူ၏ကျယ်ပြန့်သော ထိန်းချုပ်ထားသည့် နယ်ပယ်အတွက် သူ၏မျက်စိသည် ဘယ်သောအခါမှမအိပ်ဘဲ၊ သူ၏နားသည်လည်း အမြဲတမ်းဖွင့်ထားပြီး မဖြစ်မနေ လိုအပ်သောအရာများအားလုံးတို့ကို အမြဲတမ်းသတိထားလျက် စိတ်ဝင်စားမှုအားလုံးတို့၌ လုံ့လရှိသောသူဖြစ်သည်ကိုင်း ခေတ္တခဏစဉ်းစားကြည့်ပါ။

# "ကောရိန္သု ပဌမစောင် ၁၃"
# First Corinthians 13

၁။ ငါသည် လူဘာသာစကားကိုင်၄င်း၊ ကောင်းကင်တမန် ဘာသာစကားကို၄င်း ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သော တံပိုးခရာကဲ့သို့၄င်း၊ တီးသံကိုသာပေးတတ်သော လင်းကွင်းကဲ့သို့၄င်းဖြစ်၏။

၂။ ပရောဖက်ဉာဏ်ကို ငါရ၍၊ နက်နဲသောအရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်၄င်း၊ တောင်များကိုရွှေ့နိုင်သော ယုံကြည်ခြင်းအမျိုးမျိုးနှင့်ပြည့်စုံသော်၄င်း၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။

၃။ သူတပါးကို ငါကျွေးမွေး၍ ဉစ္စာရှိသမျှကို စွန့်ကြသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ အပ်သော်လည်း၊ မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ။

၄။ မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။

၅။ မလျော်ကပ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ လွ ါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊

၆။ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။

၇။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။

၈။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်၄င်း၊ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သောအခွင့်သော်၄င်း၊ သိပ္ပံအတတ်သော်၄င်း၊ ကွယ်ပျောက်လိမ့်မည်။

၉။ ယခုမူကား၊ ငါတို့သည် မစုံမလင် သိတတ်ကြ၏။ ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။

၁၀။ စုံလင်ခြင်းသို့ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်။

၁၁။ ငါသည် သူငယ်ဖြစ်စဉ်အခါ၊ သူငယ်လိုစကားပြော၏။ သူငယ်လိုစိတ်ထင်၏။ သူငယ်လိုကြံစည်၏။ အသက်ကြီးသောအခါမူကား၊ သူငယ်၏အရာများကို ငါပယ်ရှား၏။

၁၂။ ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင် ငါအသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါမူကား၊ သူတပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်။

၁၃။ ယခုတွင် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်း မေတ္တာသည်အမြတ်ဆုံးဖြစ်သတည်း။